# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်စျေးကွက်သတင်းလွှာ

December 12 , 2025 — Volume 97 , Number 10


၁၂-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၄.၆၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၆.၅၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၉.၉၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၀.၂၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၃.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၃၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပပို့ကုန် ဆန်စျေးနှုန်းများ ကျရိပ်မြင်နိုင်



ပြည်ပစျေးကွက်နိုင်ငံတွေထံ တင်ပို့လျက်ရှိတဲ့ ဆန်အမျိုးစားတွေ စျေးနှုန်း အနည်းငယ်ကျဆင်းလာမဲ့ အခြေအနေရှိနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းကနေ သိရပါတယ်။ ပို့ကုန်ဆန်တွေရဲ့ ပြည်တွင်းစျေး အခြေအနေက စားသုံးသူနဲ့ထုတ်လုပ်သူအကြား "မျှချေ" ရှိတဲ့ စျေးနှုန်းတစ်ခုကို ရောက်ရှိပြီဖြစ်တာကြောင့်လို့ အသင်းဥက္ကဋ္ဌ ဦးခင်မြင့်က သုံးသပ်ပါတယ်။

ဒီဇင်ဘာ ၉ ရက်က ရန်ကုန်ပို့ကုန်ဆန်စျေးကွက်မှာ သုခဆန် ၉၀ ရာခိုင်နှုန်း Raw ၁၀၈ ပေါင် တစ်အိတ်ကို ၅၃,၀၀၀ ကျပ် စျေးတန်းဖြစ်ခဲ့ပြီး ၉၅ ရာခိုင်နှုန်း RC ၁၁၀ ဒသမ ၅ ပေါင် တစ်အိတ်ကို ကျပ် ၅၉,၀၀၀ – ၆၀,၀၀၀ စျေး ရှိခဲ့ပါတယ်။

တရုတ်–မြန်မာနယ်စပ် မိုင်းလားလမ်းကနေ တရုတ်နိုင်ငံကို ဒီဇင်ဘာလကုန် ဂျူတီ အတွက် နောက်ဆုံးကားတင်နေရခြင်း၊ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့မဲ့ဆန်တန်ချိန် ၅၀,၀၀၀ အတွက် Exporter တွေ ဝယ်ယူဖို့ ဆန်မလိုတော့ကြောင်းလည်း အသင်းဥက္ကဋ္ဌက ဆိုပါတယ်။

ဒါ့အပြင် တရုတ်စျေးကွက်ကို ပင်လယ်ရေကြောင်းကနေ ဆန်တင်ပို့မှုအတွက် ဒီဇင်ဘာလမှာ ဆန်တင်သွင်းရမဲ့ လိုင်စင်မရှိတော့ဘဲ တင်ပို့ခွင့်လိုင်စင်အသစ်ကို တရုတ်နှစ်သစ်ကူးပြီးချိန်မှပဲ ပြန်ချပေးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ဆန်အမျိုးအစားအလိုက် တင်ပို့မှုကိုကြည့်ရင် ၅ မှတ်နဲ့ ၁၀ မှတ်ဆန်ကို ၈၁,၄၄၁ တန်၊ ၂၅ မှတ်ဆန်ကို ၂၈,၀၈၅ တန်၊ ၁၅ မှတ်ဆန်ကိုတော့ ၄,၇၃၅ တန်နဲ့ ပေါင်းဆန် (Parboiled) ကိုတော့ ၃,၄၀၃ တန် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ အချက်အလက်တွေအရ သိရပါတယ်။

ဆန်/ဆန်ကွဲ ပို့ကုန်ကုမ္ပဏီ ၆၁ ခုကနေ တင်ပို့ခဲ့တာဖြစ်ပြီး ပုံမှန်ကုန်သွယ်မှုဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေ တန်ချိန် ၂၅၇,၅၁၅ တန်နဲ့ နယ်စပ်ကုန်သွယ်ရေးကနေ တန်ချိန် ၆,၃၀၀ ခန့် တင်ပို့ထားပါတယ်။

နိုဝင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲကို တရုတ်နိုင်ငံတစ်ခုတည်းကနေ ၁၁၆,၈၆၉ တန်အထိ အများဆုံး ဝယ်ယူထားတာကို အချက်အလက်တွေအရ သိရပါတယ်။

နိုဝင်ဘာလအတွင်း ဆန်/ဆန်ကွဲတင်ပို့မှုကိုကြည့်ရင် မက်ထရစ်တန်ချိန် ၂၆၃,၈၁၅ တန် တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေအနေနဲ့ အမေရိကန်ဒေါ်လာ ၇၆ သန်း ရရှိထားပါတယ်။

**Source: BETV Business**

## Myantrade Website အား ( myantrade.gov.mm ) domain name ဖြင့်သာ အသုံးပြုပါကြောင်း အသိပေး ကြေညာခြင်း

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်မြှင့်တင်နိုင်ရန်ရည်ရွယ်၍ မြန်မာပို့ကုန်လုပ်ငန်းရှင်များနှင့် MSME လုပ်ငန်းရှင်များကို နိုင်ငံတကာစီးပွားရေးနှင့်ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုများပေးရန် Myantade Website ကို myantrade.gov.mm အမည်ဖြင့်သာ သုံးစွဲလျက်ရှိပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် (myantrade.gov.mm) domain မှလွဲ၍ အခြား domain name များကို သုံးစွဲမှုမရှိပါကြောင်းနှင့် myantrade အမည်ကိုသုံးစွဲ၍ လွှင့်တင်ထားသော အခြား website (ဥပမာ – myantrade.org ၊ myantrade.com) များသည် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အသိပေးအပ်ပါသည်။

**Source:** https://myantrade.gov.mm/article/naypyitaw_10122025%201606

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့တွင် ရောင်းချလျက်ရှိသော ကုလားပဲဆန် ၊ ကုလားပဲလုံးနှင့် မြေပဲဆန်ဈေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ဈေးကွက်အတွင်း နိုဝင်ဘာလ တတိယအပတ်တွင် ရောင်းချသည့် ကုလားပဲဆန် ဈေးနှုန်းမှာ ၁ ပြည်လျှင် ၈၂၀၀ ကျပ်နှင့် တစ်တင်းလျှင် ၁၃၁,၂၀၀ ကျပ်ဖြစ်ကြောင်း၊ ယခင်အပတ်နှင့် ယခုအပတ်တို့၏ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ယခင်အပတ်၌ ကုလားပဲဆန် ၁ ပြည်လျှင် ၈၂၀၀ ကျပ် ပေါက်ဈေးရှိခဲ့သဖြင့် ယခင်အပတ်နှင့်ယခုအပတ်တို့၏ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတူညီကြောင်း၊ ဈေးကွက်အနေဖြင့် တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများ၊ ကိုယ်တိုင်ကြော်သည့် ကုလားပဲဆန်ကြော်ဖိုများ၊ အလှူမင်္ဂလာပွဲလမ်း ဆောင်ရွက်မည့်သူများမှ ဝယ်ယူကြကြောင်း ပဲမျိုးစုံရောင်းချသည့်ဆိုင်များမှ သတင်းရရှိသည်။

ရွှေဘိုမြို့ဈေးကွက်အတွင်း နိုဝင်ဘာလ၊ တတိယအပတ်တွင်ရောင်းချသည့် ကုလားပဲလုံးဈေးနှုန်းမှာ ၁ ပြည်လျှင် ၆၀၀၀ ကျပ်နှင့် တစ်တင်းလျှင် ၉၆,၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကုလားပဲလုံးမှာ အဖြူရောင်နှင့် အဝါရောင်နှစ်မျိုးရှိပြီး ရောင်းချရသည့် ဈေးနှုန်းမှာလည်း တူညီကြောင်း၊ ယခင်အပတ်နှင့်ယခုအပတ်တို့၏ အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ယခင်အပတ်၌ ကုလားပဲလုံး ၁ ပြည်လျှင် ၆၀၀၀ ကျပ် ပေါက်ဈေးရှိခဲ့သဖြင့် ယခင်အပတ်နှင့် ယခုအပတ်တို့၏ အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းတူညီကြောင်း၊ ဧပြီလ၊ စတုတ္ထအပတ်မှစတင်၍ ယခုအချိန်ထိ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတူညီပြီး ဈေးငြိမ်နေကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရှိစားသုံးသူများ၊ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများ၊ ကုလားပဲသုတ်ရောင်းချသူများမှ ဝယ်ယူကြကြောင်း ပဲမျိုးစုံရောင်းချသည့်ဆိုင်များမှ သိရှိရသည်။

ရွှေဘိုမြို့ဈေးကွက်အတွင်း နိုဝင်ဘာလ၊ တတိယအပတ်တွင်ရောင်းချသည့် မြေပဲလုံးဆန်ဈေးနှုန်းမှာ ၁ ပြည်လျှင် ၉၀၀၀ ကျပ်နှင့် တစ်တင်းလျှင် ၁၄၄,၀၀၀ ကျပ်ဖြစ်ကြောင်း၊ ယခင်အပတ်နှင့် ယခုအပတ်တို့၏ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ယခင်အပတ်၌ မြေပဲလုံးဆန် ၁ ပြည်လျှင် ၉၂၀၀ ကျပ် ပေါက်ဈေးရှိခဲ့သဖြင့် ယခုအပတ်တွင် ယခင်အပတ်အောက် မြေပဲလုံးဆန် ၁ ပြည်လျှင် ၂၀၀ ကျပ် ဈေးလျော့နည်းခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မြေပဲဆီကြိတ်ခွဲမည့်သူများ၊ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများ၊ လက်ဖက်အကြော်ဆန် ရောင်းချသည့်ဆိုင်များနှင့် စားသုံးမည့်သူများမှ ဝယ်ယူကြကြောင်း ပဲမျိုးစုံရောင်းချသည့်ဆိုင်များမှ သတင်းရရှိသည်။

**Source:** https://www.doca.gov.mm/

https://myantrade.gov.mm/article/naypyitaw_11122025%201055

## အောင်လံဒေသတွင် ပဲစင်းငုံအထွက်နှုန်းကျပြီး ဈေးမရဖြစ်နေ



မကွေးတိုင်းဒေသကြီး၊ အောင်လံနဲ့ဆင်ပေါင်ဝဲဒေသထွက် ပဲစင်းငုံ သီးနှံတွေဟာ အခုနှစ်မှာ အထွက်နှုန်းထက်ဝက်ကျဆင်းပြီး အရည်အသွေးမကောင်းတဲ့အတွက် ဈေးကွက်မှာ ဈေးမရဖြစ်နေတယ်လို့ တောင်သူတွေဆီက သိရပါတယ်။

အခုနှစ် ပဲစင်းငုံသီးနှံတွေဟာ အသီးအပွင့်လိုက်ချိန်မှာ ရာသီဥတုဖျက်တာကြောင့် အထွက်နှုန်းကျကာ အရည်အသွေးလည်း ကျဆင်းခဲ့တယ်လို့ဆိုပါတယ်။ မိုးနှောင်းပိုင်းမှာ မိုးနည်းသွားတာကြောင့် အပင်တွေပျက်ပြီး မနှစ်က စံချိန်ကိုမမီဘူးလို့ ဆင်ပေါင်ဝဲမြို့နယ်၊ ဆူးလေကုန်းကျေးရွာက တောင်သူဦးလှစိန်က ပြောပါတယ်။

အောင်လံကုန်စည်ဒိုင်နဲ့ပွဲရုံတွေကိုလည်း ပဲစင်းငုံအဝင်နည်းပြီး အရည်အသွေးမကောင်းတာကြောင့် ပြည်ပဝယ်လိုအားလည်း ကျနေတယ်လို့ဆိုပါတယ်။ အောင်လံနဲ့ဆင်ပေါင်ဝဲဒေသတွေမှာ ပဲစင်းငုံပိဿာ ၂၀ တစ်အိတ်ကို ကျပ် ၇၆,၄၀၀ ဈေးသာရှိပြီး အရင်နှစ်က ပိဿာ ၂၀ တစ်အိတ်ကို ကျပ် ၉၅,၀၀၀ ဈေးရှိခဲ့တယ်လို့ တောင်သူတွေဆီကနေ သိရ ပါတယ်။

**Source:** https://onenewstvchannel.com/business/market/

## ကမ္ဘောဒီးယားနယ်စပ်ပဋိပက္ခကြောင့် အမေရိကန်နှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲရပ်တန့်သွားမည်ကို ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mrs. Suphajee Suthumpan က စိုးရိမ်ပူပန်လျက်ရှိ

အရေးကြီးသောအကောက်ခွန်ညှိနှိုင်းမှုများအား အကာအကွယ်ဖြစ်စေရန်အတွက် ထိုင်းနိုင်ငံသည် နယ်စပ်တွင် အကြမ်းဖက်မှုများကို စတင်မလုပ်ဆောင်ကြောင်း လျင်မြန်စွာရှင်းလင်းရန် ထိုင်းအစိုးရကို ပုဂ္ဂလိကကဏ္ဍမှ သတိပေးထားပြီး ကမ္ဘောဒီးယားနယ်စပ်တွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အမေရိကန်နှင့်အခွန်ညှိနှိုင်းမှု သက်တမ်းရှည်သွားနိုင်သည်ဟု ထိုင်းနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောဆိုလိုက်ကြောင်း The Nation သတင်းဝက်ဘ်ဆိုဒ်တွင် “Thai Minister Fears US Trade Talks Will Stall Over Cambodian Border Conflict” ခေါင်းစဉ်ဖြင့် ဖော်ပြထားပါသည်။

အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး(USTR)မှ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုကို ခေတ္တဆိုင်းငံ့ထားရန် တောင်းဆိုခဲ့ပြီးနောက် ဝန်ကြီးက ပုဂ္ဂလိကရေးအရ စိုးရိမ်မှုမရှိပါကြောင်း အခိုင်အမာပြောဆိုခဲ့ပြီး ထိုင်းနိုင်ငံသည် နောက်ဆုံးပဋိပက္ခတွင်

ရန်လိုသူမဟုတ်ကြောင်း ငြင်းခုံခဲ့ကြောင်း၊ အခြေအနေကိုဖြေရှင်းပြီးသည့်အချိန်အထိ ဆွေးနွေးပွဲကို ခေတ္တဆိုင်းငံ့ထားရန် တောင်းဆိုခဲ့ပြီး ထိုင်းနိုင်ငံအစိုးရက နောက်ဆုံးဆက်သွယ်မှုနှင့်ပတ်သက်၍ အမေရိကန်ထံမှ အကြောင်းပြန်ကြားခြင်း မရှိသေးသော်လည်း ရရှိနိုင်သည့်လမ်းကြောင်းအားလုံးမှ ဆက်လက်ညှိနှိုင်းမှုများကို တောင်းဆိုထားပါကြောင်း၊ မသေချာမရေရာမှု၏ အဓိကအကျဆုံးသော သက်ရောက်မှုမှာ ထိုင်းနိုင်ငံအပေါ် ချမှတ်ထားသော လက်တုံ့ပြန်မှုနှုန်း ၁၉ ရာခိုင်နှုန်းတွင် ကျန်ရှိနေသော အခွန်အကောက်များမဟုတ်သော်လည်း “မသေချာမရေရာမှု”သည် ကုန်သွယ်မှုဆက်ဆံရေးအပေါ်တွင် တွဲလျက်ရှိနေပါကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် ပြန်လည်ဖြစ်ပွားခဲ့သော နယ်စပ်ပဋိပက္ခများ ပြင်းထန်လာခြင်းသည် နယ်စပ်ကုန်သွယ်ရေးကို ဆိုးရွားစွာထိခိုက်စေခဲ့ကြောင်း၊ ယခုနှစ်အစောပိုင်းတွင် စစ်ဆေးရေးဂိတ်များ အများအပြား ပိတ်ခြင်းကြောင့် ကမ္ဘောဒီးယားနှင့်ကုန်သွယ်မှုတန်ဖိုး ၉၉ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း ဝန်ကြီး Suphajee Suthumpan က ပြောကြားခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့်ကုန်ထုတ်လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရပ်နားထားရသည့် ထိုင်းနိုင်ငံသားသိန်းပေါင်းများစွာကို နယ်စပ်ဒေသများမှ အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းမှုများကြောင့် **စီးပွားရေးကျဆင်းမှုကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်မှု ၉၉ ဒသမ ၅ ရာခိုင်နှုန်း၏ ဆုံးရှုံးမှုတွင်** အမြဲတမ်းပိတ်ပစ်ခြင်းနှင့် ညီမျှလုနီးပါးဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်(FTI)၏ဥက္ကဋ္ဌ Kriengkrai Thiennukul က မှတ်ချက်ပြုခဲ့သည်။

ထိုင်းစီးပွားရေးအလုံးစုံအပေါ် တိုက်ရိုက်သက်ရောက်မှုနည်းပါးသော်လည်း ကမ္ဘောဒီးယားသို့ ပို့ကုန်သည် စုစုပေါင်း ပို့ကုန်၏ ၂ – ၃ ရာခိုင်နှုန်းသာဖြစ်သော်လည်း သွယ်ဝိုက်သော အကျိုးဆက်များနှင့် ပတ်သက် ကြောင်း၊ လက်ရှိစိန်ခေါ်မှုများ အောက်တွင် ထိုင်းစီးပွားရေးကို ပိုဆိုးရွားမည်မှာ ပိုမိုစိုးရိမ်စရာဖြစ်လာပါကြောင်း၊ လတ်တလောပြင်းထန်သော ရေကြီးရေလျှံမှု များနှင့် တစ်ပြိုင်နက်ဖြစ်ပွားနေသည့် နယ်စပ်ပဋိပက္ခများသည် ထိုင်းနိုင်ငံ၏ ခရီးသွားလာရေးအငွေ့အသက်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုကို မြင့်မားသောရာသီတွင် ထိခိုက်စေကြောင်း၊ အစိုးရအနေဖြင့် ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်ရန် အရေးတကြီးတောင်းဆိုထားပါကြောင်း Kiatnakin Phatra Financial Group(KKP)မှ စီးပွားရေးပညာရှင်ချုပ် ဒေါက်တာ Pipat Luengnaruemitchai က အလေးအနက်ထားပြောကြားခဲ့သည်။

အကြမ်းဖက်မှုကို ဆန့်ကျင်သည့် ပုဂ္ဂလိကကဏ္ဍ၏ ရပ်တည်ချက်ကို အတည်ပြုခဲ့သော်လည်း ကမ္ဘောဒီးယား၏ နိုင်ငံတကာသဘောတူညီချက်များကို ဆက်တိုက်ချိုးဖောက်နေခြင်းကို ဆန့်ကျင်သည့် ထိုင်းအချုပ်အခြာအာဏာကို ကာကွယ်ရန် အစိုးရ၏အခွင့်အရေးကို ထောက်ခံပါကြောင်း၊ စီးပွားရေးအသိုင်းအဝိုင်းမှ အဓိကတောင်းဆိုချက်မှာ ထိုင်းနိုင်ငံသည် မကြာသေးမီက နယ်စပ်အကြမ်းဖက်မှု၏ အစပြုခြင်းမဟုတ်ကြောင်း နိုင်ငံတကာအသိုက်အဝန်း အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် လျင်မြန်ရှင်းလင်းစွာဆက်သွယ်ပြောဆိုရန်ဖြစ်ကြောင်း၊ USTR မှ ဆွေးနွေးပွဲများ ခေတ္တရပ်ရန် လှုပ်ရှားမှုသည် နယ်စပ်ပြဿနာသည် ယခုအခါညှိနှိုင်းမှုများအတွက် အခြေအနေတစ်ရပ်ဖြစ်ကြောင်း အချက်ပြနေပါကြောင်း၊ တုံ့ပြန်သည့် အနေဖြင့် အစိုးရကကမ္ဘောဒီးယားတွင် ရင်းနှီးမြှုပ်နှံထားသူများအတွက် စက်ယန္တရားများ ငွေဖြစ်လွယ်ချေးငွေနှင့် အခွန်ကင်းလွတ်လွှဲပြောင်းပေးခြင်းအပါအဝင် ထိခိုက်နစ်နာသောနယ်စပ်စီးပွားရေးလုပ်ငန်းရှင်များကို ကူညီဆောင်ရွက်ပေးရန် ထိုင်းကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Poj Aramwattananont က တောင်းဆိုခဲ့ပါသည်။

**Source:** **https://www.nationthailand.com/business/economy/40059456**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**https://myantrade.gov.mm/article/STP(Ygn)_11122025_13:30**

## (၁၂) ကြိမ်မြောက် Singapore-Malaysia Leaders' Retreat တွင် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဆွေးနွေး

(၁၂) ကြိမ်မြောက် Singapore-Malaysia Leaders' Retreat ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ Retreat တွင် ဂျိုဟိုး-စင်ကာပူအထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ စင်ကာပူဝန်ကြီးချုပ် Lawrence Wong က "နယ်စပ်ဖြတ်ကျော်လမ်းခရီးချိတ်ဆက်မှုအားကောင်းခြင်းဖြင့် ဂျိုဟိုး-စင်ကာပူအထူး စီးပွားရေးဇုန်ကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ဂျိုဟိုး-စင်ကာပူအထူးစီးပွားရေးဇုန်၌ စင်ကာပူအခြေစိုက်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ စင်ကာပူဒေါ်လာ ၅ ဒသမ ၅ ဘီလီယံကျော်ရှိကြောင်း" ပြောကြားခဲ့ပါသည်။

မလေးရှားဝန်ကြီးချုပ် Anwar Ibrahim က "ဂျိုဟိုး-စင်ကာပူအထူးစီးပွားရေးဇုန်၏အောင်မြင်မှုသည် နှစ်နိုင်ငံအကြား ယုံကြည်မှုနှင့်ခင်မင်ရင်းနှီးမှုတို့ကြောင့်ဖြစ်ကြောင်း၊ လက်ရှိကမ္ဘာ့အခြေအနေများတွင် နိုင်ငံများအကြားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် အဓိကကျကြောင်း၊ နိုင်ငံများအနေဖြင့် အတူတကွဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေသည့်အချက်ကို ဂျိုဟိုး-စင်ကာပူအထူးစီးပွားရေးဇုန်က အကောင်းဆုံးဥပမာဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံအကြား QR code ဖြင့် အကောက်ခွန်ရှင်းလင်းရေးနှင့် အလိုအလျောက်အကောက်ခွန်ရှင်းလင်းရေးတို့ကို ဆောင်ရွက်နိုင်ရန် စတင်လုပ်ဆောင်လျက်ရှိပါသည်။

ထို့ပြင် Sarawak ပြည်နယ်မှ စင်ကာပူနိုင်ငံသို့ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် လျှပ်စစ်ဓာတ်အားတင်သွင်းရန်အတွက် စင်ကာပူစွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့က လုပ်ထုံးလုပ်နည်းအားဖြင့် ခွင့်ပြုခဲ့ပါသည်။ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အား ကုန်သွယ်ရေးအတွက် စွမ်းဆောင်နိုင်မှုကိုမြှင့်တင်ရန်စီစဉ်လျက်ရှိပါသည်။ ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့် အနာဂတ်အဖြစ်သို့ကူးပြောင်းနိုင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး အာဆီယံမဟာဓာတ်အားလိုင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်နှင့်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

**ရင်းမြစ်။ The Business Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

https://myantrade.gov.mm/article/STP(Ygn)_11122025_13:13

## ဆန်၏အရသာနှင့် ပင်ရင်းကို အခြေခံ၍ 'Exquisite Rice' အမှတ်တံဆိပ်ကို ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆန်၏ အရသာနှင့် ပင်ရင်းကို အခြေခံသည့် "Exquisite Rice" အမှတ်တံဆိပ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး ကနဦးအနေဖြင့် တန်ချိန် ၄၅၀ ကို ဈေးနှုန်းအမြင့်ဖြင့် ရောင်းချခဲ့ရာ တန်ဖိုးအားဖြင့် ဘတ် ၁၆ သန်းရှိခဲ့ကြောင်း The Nation သတင်းဝက်ဘ်ဆိုဒ်တွင်"Thailand's "Exquisite Rice" Strategy Yields 16 Million Baht Export Deal" ခေါင်းစဉ်ဖြင့် ဖော်ပြထားပါသည်။

ဝန်ကြီးဌာနသည် ဆန်အစုလိုက်တင်ပို့မှုမှသည် တန်ဖိုးမြင့်သီးသန့်ဈေးကွက်များကို အာရုံစိုက်ခြင်းဖြင့် နိုင်ငံတော်၏ ဆန်လုပ်ငန်းကိုမြှင့်တင်ရန် အဓိကတွန်းအားပေးမှုတစ်ရပ်ကို စတင်ခဲ့ပါကြောင်း၊ ယင်းနည်းဗျူဟာကို ဝန်ကြီး Supajee Suthumpan ဦးဆောင်ပြီး ဆန်အမှတ်တံဆိပ်ဖြစ်သည့် "Exquisite Rice"(Khao Praneat) ၏သဘော တရားသည် အရသာ အသေးစိတ်အချက်လက်များ၊ ပထဝီဝင်ဇစ်မြစ်၊ ထူးခြားသော အထောက်အထားနှင့် ထုတ်လုပ်သူဇာတ်လမ်းများကို အခြေခံထားသော အထူးထုတ်ကော်ဖီ သို့မဟုတ် ဝိုင်များ၏ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ဆင်တူပါကြောင်း၊ အသေးစားလယ်သမားများအား သမားရိုးကျဆန်များထက် ငါးဆမှဆယ်ဆအထိ ဈေးနှုန်းပိုမိုရရှိစေရန်ရည်ရွယ်ပြီး ထုတ်ကုန်ကို ယေဘုယျဆန်သော

အစားထိုးမှုအစား ပရီမီယံအဖြစ် သတ်မှတ်ပေးခြင်းဖြစ်ကြောင်း နွန်သဘူရီတွင် ကျင်းပသော Thailand Rice Fest 2025 တွင် ဝန်ကြီးက ပြောကြားခဲ့ပါသည်။

ချဉ်းကပ်မှုအသစ်သည် မြင်သာထင်သာရှိသည့် အောင်မြင်မှုကို ပြသခဲ့ကြောင်း၊ ပြပွဲတွင် ဘတ် ၁၆ သန်းတန်ဖိုးရှိ အထူးဆန်တန်ချိန် ၄၅၀ ကို ရောင်းချနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းသဘောတူညီချက်သည် ထိုင်းနိုင်ငံ၏ ပရီမီယံလယ်ယာထွက်ကုန်များအတွက် နိုင်ငံတကာကစားသုံးမှုကို ခိုင်မာသော အထောက်အထားအဖြစ် ရှုမြင်ပါကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်က ပြောင်းလဲသွားပြီဖြစ်ရာ စားသုံးသူများသည် အလေ့အထဖြင့် ဆန်ကို ရွေးချယ်ခြင်းမပြုတော့ဘဲ အရသာ၊ ပင်ရင်း၊ ထုတ်လုပ်သူ၏ ဇာတ်လမ်းနှင့် ပြည့်စုံသော စားသုံးမှုအချက်အလက်တို့ကို ဦးစားပေးကြကြောင်း၊ အရသာမှတ်စုများ၊ စံပြအချက်အပြုတ်တွဲစပ်မှုနှင့်ထုတ်လုပ်မှု ဧရိယာကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်လျှင် ကမ္ဘာ့အနှံ့ရှိဝယ်လက်များသည် စစ်မှန်သော မွေးရာပါတန်ဖိုးကို မြင်တွေ့ရမည် ဖြစ်ရာ ပိုမိုမြင့်မားသော ဈေးနှုန်းကို ပေးဆောင်ရန် ဆန္ဒရှိမည်ဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် ထိုင်းဆန်၏ အရည်အသွေးကို တိကျစွာထင်ဟပ်စေရန် ဈေးကွက်စနစ်သစ်ကို တက်ကြွစွာဖန်တီးနေပါကြောင်း၊ နိုင်ငံတစ်ဝှမ်းရှိ ဆန်စိုက်ပျိုးထုတ်လုပ်သူ ၇၀၀ မှ ၈၀၀ ကျော်၏ အချက်အလက်များကို စုစည်းလျက်ရှိပြီး ပထမ ၂၀၀ အုပ်စုသည် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းစဉ်ကို ဝင်ရောက်နေပြီဖြစ်ကြောင်း၊ အချက်အလက်များသည် ပွင့်လင်းမြင်သာမှုရှိလာသည့်အခါတွင် ထုတ်လုပ်သူများသည် ၎င်းတို့၏ဈေးနှုန်းများကို ပျမ်းမျှပုံစံတွက်ချက်ရမည် မဟုတ်တော့ဘဲ ဆန်စပါးအမျိုးအစားတစ်ခုချင်းစီသည် ၎င်း၏စစ်မှန်သော အရည်အသွေးပေါ်အခြေခံ၍ ကုန်သွယ်မှုပြုသွားမည်ဖြစ်ရာ စဉ်ဆက်မပြတ်သောဝင်ငွေရရှိရန် ဦးတည်သွားမည်ဖြစ်ကြောင်း ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Wittayakorn Maneenet က ပြောကြားခဲ့သည်။

အချက်အလက်သည် "New Rice Economy" ၏ ဗဟိုချက်ဖြစ်ပါကြောင်း၊ ၎င်းသည် ဝယ်ယူသူများအား ထုတ်ကုန်ကို စစ်မှန်စွာအတည်ပြုနိုင်စေပါကြောင်း၊ ဆန်သည် ကောင်းမွန်သော်လည်း ထောက်ပံ့မှုအချက်အလက်များမရှိပါက ဖြစ်သင့်သည့်ဈေးဖြင့် ရောင်းချနိုင်မည်မဟုတ်ကြောင်း၊ ယနေ့ခေတ်တွင် စားဖိုမှူးများ၊ ဟိုတယ်များ၊ အစား အသောက်လုပ်ငန်းရှင်များ သို့မဟုတ် နိုင်ငံတကာဝယ်သူများသည် ခံစားချက် သို့မဟုတ် ယေဘုယျအားဖြင့် ဆန်ကို ရွေးချယ်မည်မဟုတ်ဘဲ စစ်မှန်သော အချက်အလက်များမှ ဆန်ကိုရွေးချယ်နိုင်ပါကြောင်း လက်ရှိဆန်ကဏ္ဍအတွက် အကူးအပြောင်းတွင် အတည်ပြုနိုင်သော အချက်အလက်များ၏ အရေးကြီးသော အခန်းကဏ္ဍကို Thai Digital Education Association (TDeD) ၏ဥက္ကဋ္ဌ Atthapon Chaianun က အလေးပေးပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် နှစ်စဉ် ဆန်တန်ချိန် သန်း ၂၀ ကျော်ထုတ်လုပ်နေသော်လည်း ဆန်အထွက်နှုန်းမှာ ဗီယက်နမ်ကဲ့သို့ ပြိုင်ဘက်များထက် နည်းပါးနေသေးကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းရန်မှာ ဝန်ကြီးဌာနသည် အထူးပြုဈေးကွက်များသို့ ပစ်မှတ်ထားရန် ထိုင်းနိုင်ငံ၏ ထူးခြားသော မျိုးရိုးဗီဇအစွမ်းသတ္တိကို မြှင့်တင်အသုံးပြုနေပါကြောင်း၊ ကနဦးအဆင့်တွင် အရည်အသွေးစံနှုန်းအသစ်များချမှတ်နိုင်ရန် စံပြတောင်သူအဖွဲ့ ၂၀၀ ဖွဲ့ကို မြှင့်တင်ပေးခြင်းပါဝင်မည်ဖြစ်ပြီး စီမံကိန်းအရ ကြိတ်ခွဲခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်းနှင့်ဈေးကွက်ရှာဖွေခြင်းကဲ့သို့သော အထောက်အပံ့များအပါအဝင် ကုန်ပစ္စည်းကို ယှဉ်ပြိုင်မှုမြင့်မားကြောင်း သေချာစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ဆန်မျိုးကွဲများများစွာရှိသော်လည်း ကုန်သွယ်မှုစနစ်တွင် မျိုးကွဲအနည်းငယ်သာ အသုံးပြုပါကြောင်း၊ ဝိုင်နှင့် အထူးကော်ဖီကဏ္ဍများကိုကိုးကား၍ အရသာအတွက် ဘုံဘာသာစကားကို ဖန်တီးနေပါကြောင်း၊ Khao Leum Pua သို့မဟုတ် Khao Rai Dok ကဲ့သို့သောပရီမီယံဈေးကွက်တွင် တောင်းဆိုနေသော မျိုးကွဲမျိုးကွဲများ၏စရိုက်လက္ခဏာကို ထင်ရှားစေပါကြောင်း Rice Hub ၏ တည်ထောင်သူ Nop Dharmavanich က ပြောကြားခဲ့ပါသည်။

Thailand Rice Fest 2025 ကို IMPACT Exhibition Centre တွင် ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိကျင်းပမည်ဖြစ်ပြီး "New Rice Economy" အတွက် launchpad အဖြစ် ဆောင်ရွက်နေကြောင်း၊ ပြပွဲတွင် ထုတ်လုပ်သူများနှင့် ဝယ်ယူသူများ တိုက်ရိုက်တွေ့ဆုံနိုင်ရန် နေရာတစ်ခုဖြစ်ပြီး လုပ်ငန်းရှင်များက ဆန်စပါးကို ပင်ရင်းမှတိုက်ရိုက်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ပြပွဲတွင် Exquisite Rice အမျိုးပေါင်း ၄၀ ကျော်ကိုပြသထားပြီး GI(Geographical Indication) ထုတ်ကုန်ပြပွဲလည်း ပါဝင်ပါကြောင်း ပွဲစီစဉ်သူ Cloud & Ground ၏ မန်နေးဂျင်းဒါရိုက်တာ Changnoi Kunjara Na Ayutthaya က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: https://www.nationthailand.com/business/trade/40059444**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (12.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Dec. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,145 (Shares) | 17,559,750 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,500 | 8,500 | 8,400 | 986 | 8,283,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,600 | 3,650 | 3,600 | 814 | 2,931,650 | 38,929,150 | 142,091 |
| MCB | 00003 | 8,000 | -200 | -2.44% | 8,000 | 8,000 | 8,000 | 94 | 752,000 | 10,400,986 | 83,208 |
| FPB | 00004 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 246 | 578,100 | 29,664,613 | 69,712 |
| TMH | 00005 | 3,000 | -100 | -3.23% | 3,100 | 3,100 | 3,000 | 11 | 34,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 862 | 1,395,350 | 19,977,223 | 32,962 |
| AMATA | 00007 | 3,800 | +100 | +2.70% | 3,700 | 3,800 | 3,700 | 187 | 693,150 | 10,497,598 | 39,891 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 945 | 2,892,100 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 12th Dec. 2025

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.00 | -2.98 | -0.74% | 402.32 | 403.88 | 402.00 | 4,145 | 17,559,750 | 8 | 758,250 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m., 12th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 4,645 (Shares) | 18,934,750 (MMK) |

### Main Board

As of 1:00 p.m., 12th Dec. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,145 (Shares) | 17,559,750 (MMK) |

| MYANPIX | 402.00 ▼ 2.98 |
|---|---|
| Total Volume (shares) | 4,145 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 758,250 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 8,000 | ▼ 200 |
| FPB | 00004 | 2,350 | ▲ 0 |
| TMH | 00005 | 3,000 | ▼ 100 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,800 | ▲ 100 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR

TIR